LESSON 44

# またコンサートがあるそうです

**Mata konsaato ga aru soo desu**

နောက်ထပ် ဖျော်ဖြေပွဲ ရှိတယ်လို့ဆိုပါတယ်။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| はる<br>ဟာ့ရု | ： タムさん、悠輝(ゆうき)さんに会(あ)えて<br>Ta⌉mu-san, Yu⌉uki-san ni a⌉ete<br>よかったですね。<br>yo⌉katta de⌉su ne. | တမ်စံ၊ ယူးကိစံနဲ့ တွေ့ခဲ့ရတာ ကောင်းလိုက်တာနော်။ |
| タム<br>တမ် | ： はい、とてもうれしいです。<br>Ha⌉i, totemo ureshi⌉i de⌉su. | ဟုတ်ကဲ့။ သိပ်ဝမ်းသာပါတယ်။ |
| 海斗(かいと)<br>ကိုက်တို | ： 悠輝(ゆうき)さんは、<br>Yu⌉uki-san wa,<br>活躍(かつやく)してるんだね。<br>katsuyaku-shiteru⌉n da ne. | ယူးကိစံက အောင်မြင် လှုပ်ရှားနေတာပဲနော်။ |
| タム<br>တမ် | ： はい。10月(がつ)に<br>Ha⌉i. Juugatsu⌉ ni<br>またコンサートがあるそうです。<br>mata ko⌉nsaato ga a⌉ru so⌉o de⌉su. | ဟုတ်ကဲ့။<br>အောက်တိုဘာလမှာ နောက်ထပ် ဖျော်ဖြေပွဲ ရှိတယ်လို့ဆိုပါတယ်။ |
| はる<br>ဟာ့ရု | ： そうですか。<br>So⌉o de⌉su ka. | ဟုတ်လား။ |
| | また会(あ)えますね。<br>Mata aema⌉su ne. | ထပ်တွေ့နိုင်တာပေါ့နော်။ |
| タム<br>တမ် | ： はい。<br>Ha⌉i. | ဟုတ်ကဲ့။ |

### ဝေါဟာရ

とても　သိပ်
totemo

活躍(かつやく)する
အောင်မြင် လှုပ်ရှားတယ်
katsuyaku-suru

ある　ရှိတယ်
a⌉ru


©NHK WORLD-JAPAN

အဓိက အသုံးအနှုန်း

# またコンサートがあるそうです。

Mata ko⌉nsaato ga a⌉ru so⌉o de⌉su.

နောက်ထပ် ဖျော်ဖြေပွဲ ရှိတယ်လို့ ဆိုပါတယ်။

ကိုယ်ကြားသိခဲ့တဲ့ အကြောင်းအရာကို တခြားလူတွေကို ပြောပြတဲ့အခါ "[ဝါကျ] + soo desu" ပုံစံကို သုံးရပါမယ်။ "soo desu" ရဲ့ အရှေ့မှာ ကြိယာ၊ နာမဝိသေသန၊ နာမ်ပုဒ်တွေ သုံးထားတဲ့ ဝါကျရဲ့ သာမန်ပုံစံကို သုံးရပါမယ်။ "konsaato ga aru" (ဖျော်ဖြေပွဲရှိတယ်) ဆိုတာ "konsaato ga arimasu" ရဲ့ သာမန်ပုံစံ ဖြစ်ပါတယ်။ (စာမျက်နှာ ၁၅၂-၁၅၃ ကို ကြည့်ပါ)

## သုံးကြည့်ကြရအောင်

明日からお祭りだそうですね。

Ashita⌉ kara omatsuri da so⌉o de⌉su ne.

ええ。でも、すごく混むそうですよ。

E⌉e. De⌉mo, sugo⌉ku ko⌉mu so⌉o de⌉su yo.

မနက်ဖြန်ကစပြီး ပွဲတော်ရှိတယ်လို့ ဆိုပါတယ်။

ဟုတ်တယ်။ ဒါပေမဲ့ လူအရမ်းရှုပ်တယ်လို့ ဆိုပါတယ်။



## ကြိုးစားကြည့်ရအောင်

【ဝါကျ】そうですね。 [ဝါကျ] လို့ ဆိုပါတယ်။

【ဝါကျ】 so⌉o de⌉su ne.

①台風が来る

taifu⌉u ga ku⌉ru

တိုင်ဖွန်းမုန်တိုင်း လာနေတယ်



②金曜日はただだ

kin-yo⌉obi wa ta⌉da da

သောကြာနေ့တွေမှာ အခမဲ့ဖြစ်တယ်




ဆက်စပ်တိုးပွား စကားလုံးများ

လများ

| ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ | ဧပြီလ | မေလ | ဇွန်လ |
|---|---|---|---|---|---|
| ichi-gatsu⌉ | ni-gatsu⌉ | sa⌉n-gatsu | shi-gatsu⌉ | go⌉-gatsu | roku-gatsu⌉ |
| ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ |
| shichi-gatsu⌉ | hachi-gatsu⌉ | ku⌉-gatsu | juu-gatsu⌉ | juuichi-gatsu⌉ | juuni-gatsu⌉ |





# ဂျပန်က ပွဲတော်များ

ဂျပန်နိုင်ငံအနှံ့ ဒေသအသီးသီးမှာ ရိုးရာပွဲတော်တွေ အမျိုးမျိုး ရှိပါတယ်။ ပွဲတော် အရေအတွက် သိန်းနဲ့ချီပြီး ရှိတယ်လို့ ပြောကြပါတယ်။ ကျိုတိုရဲ့ “ဂီအွန်း ပွဲတော်” ဆိုရင် နှစ်ပေါင်း ၁၀၀၀ ကျော်ရာဇဝင်ရှိပြီး အလှဆင်ထားတဲ့ လှည်းအမြင့်ကြီးတွေကို မြို့အနှံ့ ဆွဲပြီး လှည့်လည်ပြသတဲ့ ပွဲတော် ဖြစ်ပါတယ်။ စက္ကူ အရုပ်အကြီးကြီးကို တင်ထားတဲ့လှည်းနဲ့ လှည့်တာက ထူးခြားချက်ဖြစ်တဲ့ “အာအိုးမိုရီ နယ်ဘူတ ပွဲတော်” နဲ့ လူတွေအများကြီး ကကြတဲ့ တိုကုရှီးမာ ရဲ့ အားမာန်အပြည့်နဲ့ “အာ့ဝါအိုးဒိုရီ ပွဲတော်” တို့ဟာလည်း နာမည်ကျော်ကြားပါတယ်။

ဂီအွန်း ပွဲတော် (ကျိုတို/ဇူလိုင်လ)



©JAPAN IMAGES

အာအိုးမိုရီ နယ်ဘူတ ပွဲတော် (အာအိုးမိုရီ/ဩဂုတ်လ)







စန်းဂျာ ပွဲတော် (တိုကျို/မေလ)



©Asakusajinja

အာ့ဝါအိုးဒိုရီ ပွဲတော် (တိုကုရှီးမာ/ဩဂုတ်လ)



အဖြေ
① 台風(たいふう)が来(く)るそうですね。 Taifu͞u ga ku͞ru so͞o de͞su ne.
② 金曜日(きんようび)はただだそうですね。 Kin-yo͞obi wa ta͞da da so͞o de͞su ne.